ONLINE ARTICLE

ICRC

မြန်မာ

# မြေမြှုပ်မိုင်းများ၊ ပဋိပက္ခနှင့် သဘာဝဘေးအန္တရာယ်များ မှ ရှင်သန်လွတ်မြောက်လာသူများ မိမိဘဝကို ပြန်လည် တည်ဆောက်ခြင်း

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ၊ ၃ရက်။



မြန်မာနိုင်ငံတွင် ထောင်ပေါင်းများစွာသော လူပုဂ္ဂိုလ်များသည် စစ်ပွဲနှင့်စပ်လျဉ်းသည့် ထိခိုက်ဒဏ်ရာများကြောင့်ဖြစ်ပေါ်လာသည့် ရုပ်ပိုင်းနှင့်စိတ်ပိုင်းဆိုင်ရာ နောက်ဆက်တွဲအကျိုးဆက်များဖြင့် ရှင်သန်နေထိုင်နေကြရပါသည်။ မြေမြှုပ်မိုင်းများ၊ ပေါက်ကွဲစေတတ်သည့် စစ်ကျန်လက်နက်ပစ္စည်းများနှင့် လက်နက်ကိုင်အကြမ်းဖက်မှုများကြောင့် အထူးသဖြင့် ကျန်းမာရေးစောက်ရှောက်မှု ရရှိခံယူနိုင်စွမ်း အလွန်အမင်း နည်းပါးသော ဝေးလံပြီး ပဋိပက္ခဒဏ်ခံနေရသည့် ဒေသများတွင် ဘဝတစ်ခုလုံး ပြောင်းလဲသွားစေနိုင်သည့် ထိခိုက်မှုများ ဆက်လက်ဖြစ်ပေါ်လျက်ရှိပါသည်။

အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့တွင် အိုင်စီအာရ်စီသည် မြန်မာနိုင်ငံအတွင်းရှိ မသန်စွမ်းသူများ တွေ့ကြုံခံစားခဲ့ရသည်များနှင့် ၎င်းတို့ ပြန်လည်နာလန်ထူစေရန်၊ ပြောင်းလဲသွားသည့်အခြေအနေနှင့် အညီ လိုက်လျောညီထွေနေထိုင်နိုင်စေရန်နှင့် ရှေ့ဆက်ဘဝရှင်သန်ရေးအတွက် ထောက်ကူပေးမည့် ရေရှည်အထောက်အပံ့များ လိုအပ်နေကြောင်းကို မီးမောင်းထိုးပြလိုပါသည်။ အများစုသည် လူမှုရေးပိုင်း၊ ရုပ်ပိုင်းနှင့် စီးပွားရေးပိုင်းဆိုင်ရာ အခက်အခဲများကို ဘဝတစ်လျှောက်လုံး ရင်ဆိုင်နေရပြီး ပြန်လည် လှုပ်ရှားသွားလာနိုင်ရန်နှင့် ပိုမိုရှုပ်ထွေးသည့်အခြေအနေများမှ တားဆီးကာကွယ်ရန် ရေရှည် ပြန်လည်သန်စွမ်းရေးကို လိုအပ်နေပါသည်။


Kyaw Kyaw Myo/ICRC

> ကျွန်မလိုမျိုး နောက်ထပ်
> ဘယ်သူ့ကိုမှ
> ဒီလို မိုင်းမထိစေချင်ပါဘူး။

[မမြင့်မြင့်ခိုင်၏ အဖြစ်အပျက်ကို ဗီဒီယိုတွင် ကြည့်ရှုနိုင်ပါသည်။]

ပဲခူးတိုင်းဒေသကြီးက ကလေးနှစ်ယောက်မိခင် မမြင့်မြင့်ခိုင်သည် သူမ၏ရွာအနီး ပဲနုတ်နေစဉ်အတွင်း မြေမြှုပ်မိုင်း ပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့ပါသည်။

"ခြေထောက်က ကပ်စီးကပ်စီးနဲ့ ဘာဖြစ်တာလဲမသိဘူးပေါ့။ သေချာကြည့်လိုက်တော့ ခြေထောက်ကြီးက ပြတ်နေတယ်။" ဟု သူမက ပြန်ပြောပြပါသည်။

"စစချင်းမှာ ဘယ်သူမှလာမကူရဲဘူး။ အဲ့ဒါနဲ့ ကန်သင်းပေါ်ကို ခုန်ဆွခုန်ဆွနဲ့ ရောက်အောင်သွားခဲ့ရတယ်။ ဆေးရုံရောက်မှ ကျွန်မမျက်လုံးတစ်ဖက်ထိခိုက်သွားတာကို သိတာပါ။"

ယခုလက်ရှိတွင် ဘားအံခြေတုလက်တုနှင့် ကိုယ်ကာယပြန်လည်သန်စွမ်းရေးဌာန၌ ကိုယ်ကာယ ပြန်လည်သန်စွမ်းရေးအတွက် ကုသမှုခံယူနေသည့် သူမသည် ခြေတုတပ်ဆင်နိုင်ခဲ့ပြီဖြစ်ပြီး တဖြည်းဖြည်းနှင့် အမှီအခိုကင်းစွာ သွားလာနိုင်နေပြီ ဖြစ်ပါသည်။

# “အခုခြေထောက်ရပြီဆိုတော့၊ အန်တီ ပြန်ကြိုးစားမယ်။”


Precious Thein/ICRC

“ဒီကိုမလာခင်တုန်းက အန်တီဖွဲ့လျှော့တာ။ အိမ်မှာနေပြီး ငိုပဲငိုနေတာ။ ကိုယ့်မှာသွားပြီ ဆိုရင် ဟိုလူကြည့်လိုက်၊ ဒီလူ ကြည့်လိုက်နဲ့၊ အဲ့လိုမျိုးအားငယ်တာ။”

__ဒေါ်နန်းငွေး၊ မြေမြှုပ်မိုင်းထိခိုက်မှုမှ ရှင်သန်လွတ်မြောက်လာသူ၊ ဘန်းယဉ်ကျေးရွာ၊ရှမ်းပြည်နယ်။

ဒေါ်နန်းငွေး၏ အကြောင်းအရာအလုံးစုံကို ဗီဒီယိုတွင် ကြည့်ရှုနိုင်ပါသည်။

ဒေါ်နန်းငွေး ကျိုင်းတုံကိုယ်ကာယပြန်လည် သန်စွမ်းရေးဌာနတွင် ခြေတုကို အသုံးပြုပြီး လမ်းလျှောက်လေ့ကျင့်နေစဉ်။

ဒေါ်နန်းငွေးသည် ဆီဆိုင်မြို့နယ်တွင်ရှိသည့် သူငယ်ချင်း၏ အိမ်ရောင်းရန် ဧည့်သည်များအား လိုက်ပြနေစဉ်အတွင်း မြေမြှုပ်မိုင်းပေါက်ကွဲမှုနှင့် ရင်ဆိုင်ခဲ့ရပြီး ထိခိုက်ဒဏ်ရာရရှိခဲ့ပါသည်။

“အဲဒီနေ့က ကျွန်မတို့ လူအယောက် ၂၀ ကျော်တယ်။ ကျွန်မတစ်ယောက်တည်း ဒဏ်ရာရခဲ့တာပါ။ လက်ဆေးဖို့ ရေတိုင်ကီနားသွားရာကနေ မိုင်းနင်းမိတာပါ။ ပေါက်ကွဲပြီး ကျွန်မခြေထောက်၊ လက်နဲ့ နဖူးမှာ ဒဏ်ရာတွေ ရခဲ့ပါတယ်။”

သူမသည် ယခုလက်ရှိတွင် အိုင်စီအာရ်စီက ပံ့ပိုးကူညီလျက်ရှိသည့် ကျိုင်းတုံကိုယ်ကာယပြန်လည်သန်စွမ်းရေးဌာနတွင် ကိုယ်ကာယပြန်လည်သန်စွမ်းရေးအတွက် ကုသမှု ခံယူလျက်ရှိပါသည်။

“အခုခြေထောက်ရပြီဆိုတော့၊ ပျော်ပါတယ်။ အလုပ်ပြန်လုပ်ဖို့ စဉ်းစားထားပါတယ်။ အလုပ်ကြမ်းကတော့ ပြန်မလုပ်နိုင်တော့ဘူးဆိုတော့ ဈေးမှာ ကုန်ရောင်းဖို့ စဉ်းစားထားပါတယ်။ အန်တီအရှုံးမပေးဘူး။”

# မြန်မာ။ ။ကမ္ဘာပေါ်တွင် မြေမြှုပ်မိုင်းနှင့် ပေါက်ကွဲစေတတ်သည့် စစ်ကျန်လက်နက်ပစ္စည်းများကြောင့် ညစ်ညမ်းမှု အများဆုံးဖြစ်ပေါ်လျက်ရှိသည့် နိုင်ငံများထဲမှ တစ်နိုင်ငံ

မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် မြေမြှုပ်မိုင်းနှင့် ပေါက်ကွဲစေတတ်သည့် စစ်ကျန်လက်နက်ပစ္စည်းများကြောင့် ညစ်ညမ်းမှု အများဆုံးဖြစ်ပေါ်လျက်ရှိသည့် နိုင်ငံများထဲတွင် ပါဝင်ပြီး အရပ်သား ထိခိုက်မှုများ ဆက်လက်ဖြစ်ပေါ်လျက်ရှိပါသည်။ ၂၀၂၅ခုနှစ် ပထမနှစ်ဝက်အတွင်း မြေမြှုပ်မိုင်းနှင့် အခြားပေါက်ကွဲစေတတ်သည့်ပစ္စည်းများဆိုင်ရာ ထိခိုက်မှုဖြစ်ရပ်များကို လေ့လာစောင့်ကြည့်ရာ အရပ်သား ထိခိုက်သေဆုံးမှု စုစုပေါင်း ၃၅၇ ခုရှိခဲ့ရာ ၂၀၂၄ခုနှစ်အတွင်း အစီရင်ခံထုတ်ပြန်ခဲ့သည့် ထိခိုက်မှု (စုစုပေါင်း ၁,၀၈၂ခု)နှင့် နှိုင်းယှဉ်ပါက ၃၃ရာခိုင်နှုန်းသို့ ရောက်ရှိနေပြီဖြစ်ကြောင်း ပြသနေပါသည်။ ထိုထိခိုက်သေဆုံးမှုများတွင် ကလေးသူငယ်ထိခိုက်မှု ၂၇ ရာခိုင်နှုန်း ရှိကြောင်းဖော်ပြနေရာ ကလေးသူငယ်များသည် ဤလက်နက်ပစ္စည်းအကြွင်းအကျန်များကြောင့် ဖြစ်ပေါ်လာသည့် ဆိုးရွားသည့်ဘေးတွေ့နိုင်ခြေ အများဆုံးရှိသူများဖြစ်ကြောင်း မီးမောင်းထိုးပြနေပါသည်။ ဤကဲ့သို့ မြေမြှုပ်မိုင်းနှင့် ပေါက်ကွဲစေတတ်သည့် စစ်ကျန်လက်နက်ပစ္စည်းများနှင့် ညစ်ညမ်းခြင်းသည် ရုပ်ပိုင်းဆိုင်ရာ ထိခိုက်ဒဏ်ရာများကိုသာမက မရှိမဖြစ်လိုအပ်သည့် ဝန်ဆောင်မှုများရရှိနိုင်မှု၊ လယ်ယာမြေများသို့ သွားရောက်နိုင်မှုနှင့် ဘေးကင်းစွာသွားလာလှုပ်ရှားနိုင်မှုတို့ကိုပါ အကန့်အသတ် ရှိစေသည့်အတွက် ထိခိုက်ခံစားခဲ့ရသည့် ဒေသများတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လိုအပ်ချက်များကို ပိုမိုကြီးမားစေပါသည်။



Zaw Hpang Ndawng/ICRC

## “သူတို့က ဒါကိုနင်းပြီး ပြေးမယ်ဆိုပြီးတော့. . .”

မြစ်ကြီးနားက ဦးဇခုံလသည် ၇နှစ်သားအရွယ် သားဖြစ်သူကို ပြုစုစောင့်ရှောက်နေပါသည်။ သားဖြစ်သူသည် ၎င်းတို့နေထိုင်ရာအိမ်အနီးတွင် ဝမ်းကွဲညီမနှင့်အတူ ဆော့ကစားနေစဉ်အတွင်း မြေမြှုပ်မိုင်းပေါက်ကွဲမှုကြောင့် ခြေထောက်တစ်ဖက် ဆုံးရှုံးခဲ့ပါသည်။

“သူတို့က အဲ့ဒါကိုတွေ့ပြီး ဆော့ကြတာ။ စစချင်းကတော့ ဘာမှမဖြစ်ဘူး။” ဟု သူက ပြောပြပါသည်။ “ဒါကိုနင်းပြီးပြေးမယ်ဆိုပြီးတော့ နင်းလိုက်တဲ့အချိန်မှာ ပေါက်ကွဲသွားတာ။ ဒီအဖြစ်အပျက်က အရာရာအားလုံးကို ပြောင်းလဲပစ်လိုက်တာပဲ။”

လက်ရှိတွင် သူ၏သားလေးသည် မြစ်ကြီးနားကိုယ်ကာယပြန်လည်သန်စွမ်းရေးဌာနတွင် စောင့်ရှောက်မှုကို ခံယူလျက်ရှိပါသည်။

ဦးဇခုံလ၏သားဖြစ်သူ ခမ်းဂျေအကြောင်းအပြည့်အစုံသိရှိနိုင်ရန် ဗီဒီယိုတွင်ကြည့်ပါ။

## ရွေ့လျားသွားလာနိုင်မှုကို ပြန်လည်ထိန်းသိမ်းခြင်း၊ ဘဝများကို ပြန်လည်တည်ဆောက်ခြင်း

အိုင်စီအာရ်စီသည် ကျန်းမာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့နှင့်အတူ မိတ်ဖက်ကာ ရန်ကုန်၊ မြစ်ကြီးနား၊ ကျိုင်းတုံနှင့် ဘားအံတို့တွင် ကိုယ်ကာယပြန်လည်သန်စွမ်းရေးဌာန ၄ခုကို ထောက်ပံ့ကူညီလျက်ရှိပါသည်။

၂၀၂၁ခုနှစ်မှစတင်ကာ မြေမြှုပ်မိုင်းထိခိုက်မှုမှ ရှင်သန်လွတ်မြောက်လာသူများ၊ လက်နက်ကြောင့် ဒဏ်ရာရရှိသူများနှင့် သဘာဝဘေးများကြောင့်ထိခိုက်ခံစားခဲ့ရသူများ အပါအဝင် မသန်စွမ်းသူ ၁၉,၀၀၀ ကျော်သည် ထိုပြန်လည်သန်စွမ်းရေးဌာနများအားဖြင့် ပြုစုစောင့်ရှောက်မှုများ ရရှိခဲ့ပါသည်။ ၎င်းတွင် ၂၀၂၅ခုနှစ် မတ်လတွင် ဖြစ်ပွားခဲ့သည့် မြေငလျင်ကြောင့် ထိခိုက်ဒဏ်ရာရရှိသူ ထောင်ပေါင်းများစွာနှင့် မရှိမဖြစ်အရေးကြီးသည့် အခြေခံအဆောက်အအုံများ ထိခိုက်ပျက်စီးခြင်းအပေါ် တုံ့ပြန်ကူညီခြင်းတို့လည်း ပါဝင်ပါသည်။ မြေငလျင်နောက်ပိုင်းတွင် အိုင်စီအာရ်စီသည် ခြေတုလက်တုနှင့် ပြန်လည်သန်စွမ်းရေးကျွမ်းကျင်ပညာရှင်များကို စေလွှတ်ခဲ့ပြီး အရေးပေါ်ရွေ့လျားသွားလာမှု အထောက်အကူပြုပစ္စည်းများနှင့် အကြောအဆစ်နှင့်ကိုယ်ကာယလေ့ကျင့်ရေးကုထုံးဆိုင်ရာပစ္စည်းများ ပေးအပ်ခဲ့သည့်အပြင် ဒေသခံဝန်ထမ်းများအား မန္တလေးတွင် ပြန်လည်ထူထောင်ရေး ပံ့ပိုးမှုများ ဆောင်ရွက်နိုင်စေရန် လေ့ကျင့်သင်တန်းပေးအပ်ရာတွင်လည်း ပံ့ပိုးကူညီခဲ့ပါသည်။

၎င်းပြန်လည်သန်စွမ်းရေးဌာနများတွင်ပေးအပ်လျက်ရှိသည့် အထောက်အပံ့တွင် ခြေတုလက်တုများ၊ အားပြုကိရိယာများ၊ ဘီးတပ်ကုလားထိုင်ဆိုင်ရာဝန်ဆောင်မှုများ၊ ရွေ့လျားသွားလာမှုအထောက်အကူပြုပစ္စည်းများ၊ စိတ်လူမှုရေးပိုင်းဆိုင်ရာအထောက်အပံ့များအပြင် အားကစား၊ ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အထောက်အပံ့များ ပါဝင်သည့် လူမှုအသိုင်းအဝိုင်းတွင်း ပြန်လည်ပါဝင်နိုင်စေမည့်

အထောက်အပံ့များလည်း ပါဝင်ပါသည်။ အိုင်စီအာရ်စီသည် စောင့်ရှောက်မှုများ အဆက်မပြတ်ပေးအပ်နိုင်ကြောင်းသေချာစေရန် ဒေသတွင်း ထုတ်လုပ်မှုများနှင့် နည်းပညာပိုင်းဆိုင်ရာ လေ့ကျင့်သင်ကြားမှုများတွင်လည်း ရင်းနှီးမြှုပ်နှံပါသည်။

"ပြန်လည်သန်စွမ်းမှုကို ရရှိနိုင်ခြင်းက အသက်ရှင်သန်မှုအတွက် ယေဘုယျအားဖြင့် အရေးကြီးတဲ့ အရာတစ်ခုပဲ ဖြစ်ပါတယ်" ဟု မြန်မာနိုင်ငံရှိ အိုင်စီအာရ်စီ၏ ကိုယ်ကာယပြန်လည်သန်စွမ်းရေးအစီအစဉ်၏ မန်နေဂျာ **Michel Deffontaines** က ပြောပါသည်။

"ရွေ့လျားသွားလာမှုဆိုင်ရာ အထောက်အပံ့ ဒါမှမဟုတ် နောက်ဆက်တွဲပြုစုစောင့်ရှောက်မှုတွေ မရှိဘူးဆိုရင် ပဋိပက္ခကြောင့်ထိခိုက်ဒဏ်ရာရရှိခဲ့သူတွေအနေနဲ့ ကုသကာကွယ်လို့ရတဲ့ ရောဂါကူးစက်မှုတွေကနေစပြီး တသက်လုံး အမှီအခိုကင်းကင်းနဲ့ နေထိုင်နိုင်စွမ်းတွေ ပျောက်ဆုံးသွားတာမျိုးထိ ရေရှည်နောက်ဆက်တွဲဆိုးကျိုးတွေနဲ့ ရင်ဆိုင်ရနိုင်ပါတယ်။"

ကျွန်ုပ်တို့၏ လုပ်ငန်းအကျဉ်းချုပ်နှင့် အချက်အလက်များကို သိရှိလိုပါက မြန်မာနိုင်ငံအတွင်း အိုင်စီအာရ်စီ၏ ကိုယ်ကာယပြန်လည်သန်စွမ်းရေးအစီအစဉ်ဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များ ဆိုင်ရာ စာစောင်တွင် ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။